# မြန်မာရပ်ရွာလူထု အသက်မွေးဝမ်းကျောင်း အကူအညီပေးရေး ဆိုင်ရာ စီမံကိန်း

## သဘာဝပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှု မူဘောင်

စီမံခန့်ခွဲရေးအနှစ်ချုပ်- အကြံပြုဆွေးနွေးမှု မူကြမ်း

### စီမံခန့်ခွဲရေးအနှစ်ချုပ်

မြန်မာရပ်ရွာလူထု အသက်မွေးဝမ်းကျောင်း အကူအညီပေးရေးဆိုင်ရာ စီမံကိန်း (MCLAP)တွင် မြန်မာနိုင်ငံအတွင်းရှိ ပဋိပက္ခကြောင့် ထိခိုက်ခံစားရသော ရပ်ရွာလူထုအသိုင်းအဝိုင်းများအတွက် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (အိုင်စီအာရ်စီ) ၏ ကဏ္ဍစုံပံ့ပိုးကူညီရေးနယ်ပယ် အတွင်းတွင် ဆောင်ရွက်မည့် အဆိုပြုလာသည့်လုပ်ငန်းများကို ကမ္ဘာ့ဘဏ်က ပံ့ပိုးကူညီမည်ဖြစ်သည်။ MCLAP ၏ ရည်ရွယ်ချက်မှာ ဘေးဖြစ်လွယ်သောလူထု၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးကို ထောက်ကူပေးမည့် ၎င်းတို့၏ ကြံ့ကြံ့ခံနိုင်စွမ်းရည်ကို မြှင့်တင်ထိန်းသိမ်းနိုင်စေရန် ဖြစ်ပါသည်။ စီမံကိန်းအတွင်း အိုင်စီအာရ်စီ၏ လုပ်ဆောင်ချက်များ တွင် အရေးပေါ်အထောက်အပံ့များ(အစားအစာနှင့် အခြားပစ္စည်းများပေးဝေခြင်း၊ အသက်မွေး ဝမ်းကျောင်းဆိုင်ရာအထောက်အပံ့ (ငွေကြေးပံ့ပိုးခြင်းနှင့် တောင်သူများအတွက် မျိုးစေ့၊ လယ်ယာသုံးပစ္စည်းနှင့် မြေသြဇာများပေးဝေခြင်း)နှင့် အသေးစား အခြေခံအဆောက်အအုံများ (ရေပေးဝေခြင်း၊ မိလ္လာစနစ်ရရှိမှု၊ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲသည့်စနစ်များ၊ နေထိုင်ရန်အမိုးအကာများ၊ လမ်းများ၊ လူအများအသုံးပြုသည့်အဆောက်အအုံများ) ဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်ကို ပံ့ပိုးသွားမည်ဖြစ်သည်။ ရရှိနိုင်သည့် လူသားချင်းစာနာထောက်ထားမှုအခြေအနေများဆိုင်ရာ အချက်အလက်များအရ အဆိုပြုထားသည့် လုပ်ငန်းဆောင်ရွက်ချက်များကို မြန်မာနိုင်ငံရှိ ချင်း၊ ရခိုင်၊ ကချင်၊ ရှမ်း၊ ကယား နှင့် ကရင်ပြည်နယ်တို့နှင့် မကွေး၊ မန္တလေးနှင့် စစ်ကိုင်းတိုင်း ဒေသကြီးတို့တွင် အဓိကထား ဆောင်ရွက်သွားနိုင်ဖွယ်ရှိပါသည်။

ဆိုပြုထားသော စီမံကိန်းဆိုင်ရာ ဆောင်ရွက်ချက်များကြောင့် ဖြစ်ပေါ်လာနိုင်သည့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်ဆိုင်ရာ ဘေးအန္တရာယ်များနှင့် အကျိုးဆက်များကို

သတ်မှတ်ဖော်ထုတ်ရန်နှင့် ထိုဘေးအန္တရာယ်များနှင့် အကျိုးဆက်များကို လျော့ချနိုင်မည့် သင့်လျော်သည့် အစီအမံများကို အဆိုပြုနိုင်ရန်အတွက် ဤသဘာဝပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင် ဆိုင်ရာ စီမံခန့်ခွဲမှုမူဘောင် (ESMF)ကို ရေးဆွဲပြင်ဆင်ထားခြင်း ဖြစ်ပါသည်။ ဤမူဘောင်တွင် စီမံကိန်းအတွက် အိုင်စီအာရ်စီနှင့် ကမ္ဘာ့ဘဏ်တို့က ချမှတ်ထားသည့် ကျင့်သုံးရမည့် အထွေထွေမူဝါဒများ နှင့် လိုက်နာဆောင်ရွက်ရမည့် မူများ၊ နည်းလမ်းများ၊ လုပ်ငန်းအစီအစဉ်များ နှင့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်ဆိုင်ရာ အကျိုးဆက်များကို လျော့ချနိုင်မည့် အစီအမံများ ကို အသေးစိတ် စီစဉ်ရေးဆွဲထားပါသည်။

စီမံကိန်းလုပ်ငန်းများအတွက် ဖြစ်ပေါ်လာနိုင်သည့် သဘာဝပတ်ဝန်းကျင်နှင့်လူမှုဝန်းကျင်ဆိုင်ရာ ဘေးအန္တရာယ်များကို အောက်ပါအတိုင်း သတ်မှတ်ဖော်ထုတ်ထားပါသည်။

- ချို့ငဲ့သူ သို့မဟုတ် ဘေးဖြစ်လွယ်သော အိမ်ထောင်စုများကို ချန်လှပ်ထားခဲ့ရနိုင်ခြေရှိခြင်း၊
- ဘာသာစကား (သို့) လက်လှမ်းမီရောက်ရှိနိုင်မှု အခက်အခဲများကြောင့် လူနည်းစု တိုင်းရင်းသားများအား ချန်လှပ်ထားခဲ့ရနိုင်ခြေရှိခြင်း၊
- လုပ်ငန်းခွင်အတွင်း ဖြစ်ပွားနိုင်သော ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းမှုဆိုင်ရာ အန္တရာယ်များ၊ ဘေးကင်းလုံခြုံမှုဆိုင်ရာအန္တရာယ်များ၊ ကလေးလုပ်သား (သို့မဟုတ်) အဓမ္မခိုင်းစေမှု၊ ကိုဗစ်-၁၉ ရောဂါဆိုင်ရာအန္တရာယ်များနှင့် လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်ခြင်း နှင့် မဖွယ်မရာပြုကျင့်ခြင်းဆိုင်ရာ အန္တရာယ်များ အပါအဝင် စီမံကိန်းဝန်ထမ်း/လုပ်သားများ အပေါ်ကျရောက်နိုင်သည့် ဘေးအန္တရာယ်များ၊
- ဘေးကင်းလုံခြုံရေးဆိုင်ရာအန္တရာယ်များ၊ ခွဲခြားဆက်ဆံခြင်း သို့မဟုတ် ချန်လှပ်ထားခြင်း၊ ကိုဗစ်-၁၉ ရောဂါဆိုင်ရာအန္တရာယ်များနှင့် လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်ခြင်းနှင့် မဖွယ်မရာပြုကျင့်ခြင်းဆိုင်ရာ အန္တရာယ်များ အပါအဝင် ရပ်ရွာလူထုအပေါ်သို့ ကျရောက်နိုင်သည့် ဘေးအန္တရာယ်များ၊
- စားနပ်ရိက္ခာအထောက်အပံ့များအား မမှန်မကန် သိုလှောင်ခြင်း၊ ပို့ဆောင်ခြင်း သို့မဟုတ် ပေးဝေခြင်းတို့ကြောင့် ဖြစ်ပေါ်လာနိုင်သည့် အစားအစာဘေးကင်းရေးဆိုင်ရာ အန္တရာယ်များ၊

- အကူအညီပစ္စည်းများကို ထုတ်ပိုးသည့်ပစ္စည်းများအား မလျော်မကန်စွန့်ပစ်ခြင်း သို့မဟုတ် ဆောက်လုပ်ရေးဆိုင်ရာစွန့်ပစ်ပစ္စည်းများကြောင့် ဖြစ်ပေါ်လာသည့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုဆိုင်ရာ ဘေးအန္တရာယ်များ၊
- မျိုးရင်းမဟုတ်သော မျိုးစိတ်များအား မတော်တဆတင်သွင်းမိခြင်း၊ ရေနှင့် သစ်တော သယံဇာတများ အလွန်အကျွံထုတ်ယူသုံးစွဲခြင်း အပါအဝင် ဇီဝဂေဟနှင့် သဘာဝ အရင်းအမြစ်များ ထိခိုက်ပျက်စီးမှု ဘေးအန္တရာယ်များ၊
- ပိုးသတ်ဆေးများနှင့် စိုက်ပျိုးရေးသုံးဓါတုပစ္စည်း အန္တရာယ်များ၊
- မြေယာအသုံးပြုမှုနှင့် စေတနာအလျောက်မြေလှူဒါန်းခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဘေးအန္တရာယ်များ၊
- ဆောက်လုပ်ရေးလုပ်ငန်းများကြောင့်ဖြစ်သော ပတ်ဝန်းကျင်ဆိုင်ရာ အန္တရာယ်များ - အထွေထွေစွန့်ပစ်ပစ္စည်းများအားစီမံခန့်ခွဲခြင်း၊ ဖုန်မှုန့်များ၊ ဆူညံသံများ၊ ကျောက်ဂွမ်းမှုန့်များ)။
- ယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများနှင့် ၎င်းပစ္စည်းများအား မမျှော်လင့်ပဲ တူးဖော်တွေ့ရှိမှုဆိုင်ရာ အန္တရာယ်များ။
- စီမံကိန်းနှင့်ပတ်သက်ဆက်နွှယ်သူများ (stakeholder)နှင့် ထိတွေ့ဆက်ဆံရာတွင်နှင့် နစ်နာမှုများကိုကိုင်တွယ်ဖြေရှင်းရာတို့တွင် ထိရောက်လုံလောက်မှုမရှိခြင်းများ ဖြစ်ပေါ် နိုင်ခြင်း။

အဆိုပါ ဘေးအန္တရာယ်များကို အောက်ပါနည်းလမ်းများအသုံးပြု၍ လျော့ပါး သက်သာစေရန် စီမံဆောင်ရွက်ရပါမည်။

- ရပ်ရွာလူထုနှင့် အကျိုးခံစားခွင့်ရှိသူများကို သတ်မှတ်ရွေးချယ်ရန် စီမံကိန်း၏ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ အစီအစဉ်ပုံစံ (project design)၊
- အိုင်စီအာရ်စီ၏ မူဝါဒများနှင့် လုပ်ငန်းဆိုင်ရာ အလေ့အကျင့်များ (ရေရှည်တည်တံ့သော ဖွံ့ဖြိုးမှုဆိုင်ရာမူဘောင်၊ သဘာဝပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာမူဘောင်၊ ဆောက်လုပ်ရေး လုပ်ငန်းခွင်ဆိုင်ရာ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးအတွက် လမ်းညွှန်ချက်များ၊ လူသား အရင်းအမြစ်ဆိုင်ရာမူဝါဒ၊ အိုင်စီအာရ်စီ၏ လေးစားလိုက်နာမှုဆိုင်ရာမူဘောင်နှင့်

ကျင့်ဝတ်စည်းကမ်းများ၊ အိုင်စီအာရ်စီအားအသိအမှတ်ပြုလက်ခံခြင်းနှင့် ဘေးကင်းလုံခြုံရေးဆိုင်ရာစီမံခန့်ခွဲမှု၊ ထိခိုက်ခံစားရသူများအတွက် တာဝန်ယူတာဝန်ခံမှုဆိုင်ရာ အဖွဲ့အစည်းအတွင်း မူဘောင်များ အပါအဝင်)၊

- ဤ ESMF နှင့် နောက်ဆက်တွဲများတွင် ထည့်သွင်းဖော်ပြထားသည့် အစီအမံများ (သဘာဝပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်ဆိုင်ရာဘေးအန္တရာယ်များအား စစ်ဆေးခြင်းပုံစံ (screening form)၊ သဘာဝပတ်ဝန်းကျင်လုပ်ငန်းဆိုင်ရာ စံသတ်မှတ်ချက်များ၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာအစီအစဉ်ပုံစံ၊ လုပ်သားစီမံခန့်ခွဲမှုဆိုင်ရာ ရှင်းလင်းလွယ်ကူသည့် လုပ်ထုံးလုပ်နည်းများ၊ စေတနာအလျောက်မြေလှူဒါန်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ မမျှော်လင့်ပဲတူးဖော်တွေ့ရှိသောအရာဝတ္ထုများဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ မြေသြဇာနှင့်ပိုးမွှားစီမံခန့်ခွဲမှုအစီအစဉ်၊ မြေမြှုပ်မိုင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ဘေးကင်းလုံခြုံရေးနှင့် အန္တရာယ်ကင်းရှင်းစွာ ကွင်းဆင်းသွားလာဆောင်ရွက်မှုအစီအမံများ အပါအဝင်)နှင့်
- ဤစီမံကိန်းအတွက် ရေးဆွဲပြင်ဆင်ထားသည့် စီမံကိန်းနှင့်ပတ်သက်ဆက်နွှယ်သူများ (stakeholder)နှင့် ထိတွေ့ဆက်ဆံမှုဆိုင်ရာအစီအစဉ်။

**လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုအစီအစဉ်များ။** ။ ဤ ESMF အပါအဝင် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မှုအား စီမံခန့်ခွဲခြင်းကို ရန်ကုန်မြို့ရှိ အိုင်စီအာရ်စီကိုယ်စားလှယ်ရုံးနှင့် သက်ဆိုင်ရာ ပြည်နယ်များနှင့် တိုင်းဒေသကြီးများရှိ ကိုယ်စားလှယ်ရုံးခွဲများက တာဝန်ယူဆောင်ရွက်မည်ဖြစ်သည်။ အိုင်စီအာရ်စီ၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ်ရုံးကို ရန်ကုန်တွင်ဖွင့်လှစ်ထားပြီး ရခိုင်၊ ရှမ်း၊ ကချင်ပြည်နယ်တို့နှင့် မန္တလေးတိုင်းဒေသကြီး (ချင်းပြည်နယ်၊ မကွေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ကိုင်တွယ် ဖြေရှင်းရန်)တို့တွင် ကိုယ်စားလှယ်ရုံးခွဲနှင့်ရုံးများကို ဖွင့်လှစ်ထားပြီး ဤစီမံကိန်းဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ထိုရုံးများက တိုက်ရိုက်ကြီးကြပ် ကွပ်ကဲမည်ဖြစ်သည်။ ဤစီမံကိန်းကို အဖွဲ့အစည်းအတွင်း လက်ရှိကျင့်သုံးလျက်ရှိသော စနစ်များနှင့် ဖွဲ့စည်းမှုပုံစံများအတိုင်း စီမံခန့်ခွဲသွားမည်ဖြစ်ပြီး သဘာဝပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင် စီမံခန့်ခွဲမှုဆိုင်ရာအစီအမံများကို စီမံကိန်းစက်ဝန်း၏

အစိတ်အပိုင်းတစ်ခု အနေအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။ စီမံကိန်း၏ အစိတ်အပိုင်း (၁)နှင့် အစိတ်အပိုင်း (၂) ရှိ လုပ်ငန်းများအတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်း (MRCS)က လုပ်ငန်းဆောင်ရွက်မှု မိတ်ဖက်အဖွဲ့အစည်း အဖြစ် ဆောင်ရွက်မည်ပြီး ထိုအစိတ်အပိုင်းများအား ဆန်းစစ်အကဲဖြတ်ခြင်း၊ ပေးဝေခြင်းဆိုင်ရာနှင့် စောင့်ကြည့်လေ့လာခြင်းတို့တွင် အိုင်စီအာရ်စီအား ထောက်ပံ့ကူညီရန် ဆော်ဩစည်းရုံးသွားမည်ဖြစ်သည်။ အိုင်စီအာရ်စီသည် မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ လုပ်ဆောင်မှုအပေါ် တာဝန်ယူပြီး နည်းပညာပိုင်းဆိုင်ရာ ကြီးကြပ်မှုများကို ဆောင်ရွက်မည် ဖြစ်သည်။ သေချာသည့်စီမံကိန်းလုပ်ငန်းများတွင် လုပ်ငန်းဆောင်ရွက်မှုမိတ်ဖက်အဖြစ် ဆောင်ရွက်မည့် မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ဝန်ထမ်းများနှင့် စေတနာလုပ်အားရှင်များအား စီမံကိန်းတွင်ထည့်သွင်းဖော်ပြထားသည့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှု အစီအမံများကို သိရှိနားလည်စေရန်နှင့် လိုက်နာဆောင်ရွက်ကြောင်း သေချာစေရန် လေ့ကျင့် သင်တန်းပေးပါမည်။ အလားတူပင် ဒေသခံကန်ထရိုက်တာများကလည်း စီမံကိန်း၏ သဘာဝပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်ဆိုင်ရာ ဘေးအန္တရာယ်စီမံခန့်ခွဲမှု အစီအစဉ်နှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာကျင့်သုံးရန် လိုအပ်ပါသည်။ ဤ ESMF တွင် ပါဝင်သည့် ဖော်ပြချက်များနှင့်စပ်လျဉ်း၍ ကန်ထရိုက်တာများကို အသိပညာမြှင့်တင်သည့် ရှင်းလင်းပြောကြား မှုများကို အိုင်စီအာရ်စီမှ ပံ့ပိုးသွားမည်။

**စောင့်ကြည့်လေ့လာခြင်း။** ။ လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နေစဉ်အတွင်း အိုင်စီအာရ်စီကိုယ်စားလှယ်ရုံးခွဲများရှိ နည်းပညာပိုင်းဆိုင်ရာအဖွဲ့များ/ကွင်းဆင်းအရာရှိများက စောင့်ကြည့်လေ့လာခြင်းကို ပုံမှန်ဆောင်ရွက်မည်ဖြစ်ပြီး ဖြစ်နိုင်သည့်အချိန်တိုင်း လူတွေ့ဆောင်ရွက်မည်ဖြစ်သည်။ အကယ်၍ ကွင်းဆင်းဆောင်ရွက်ရန် မဖြစ်နိုင် (သို့) ခွင့်ပြုချက်မရပါက ဒေသခံ ကြက်ခြေနီစေတနာလုပ်အားရှင်များ နှင့်/သို့မဟုတ် ရပ်ရွာလူထု အဖွဲ့ဝင်များကို မြေပြင် အခြေအနေ စောင့်ကြည့်လေ့လာခြင်းအား လုပ်ဆောင်ရန် တာဝန်ပေးအပ်၍ အိုင်စီအာရ်စီသို့ ဖုန်း၊ ဗီဒီယို သို့မဟုတ် ဖုန်းဖြင့်စာတိုပေးပို့ခြင်း (SMS) ကတဆင့်ပေးပို့သည့် စစ်တမ်းများအားဖြင့် ပြန်လည်အစီအရင်ခံတင်ပြခြင်းအပါအဝင် အခြားသောနည်းလမ်းမျိုးစုံကို အသုံးပြုသွားမည်။ စီမံကိန်းအားအကောင်အထည်ဖော်ဆောင်ရွက်မည့် အိုင်စီအာရ်စီ၏

နည်းပညာပိုင်းဆိုင်ရာအဖွဲ့များသည် ESMF တွင် သဘာဝပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်ဆိုင်ရာ ဘေးအန္တရာယ်များအပါအဝင် စောင့်ကြည့်လေ့လာမှုဆိုင်ရာ ဆောင်ရွက်ရမည့်အရာများနှင့် အလေ့အကျင့်များကို ဖော်ထုတ်သတ်မှတ်ထားကြောင်းနှင့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်ဆိုင်ရာ ဘေးအန္တရာယ်များ လျော့ချရေးဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်နေမှုများလည်း စီမံကိန်း၏ပုံမှန်စောင့်ကြည့်လေ့လာမှုအစီအစဉ်၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် စောင့်ကြည့်လေ့လာနေကြောင်း သေချာစေရန် ဆောင်ရွက်မည်။

ထိခိုက်ခံစားရသူများအတွက် တာဝန်ယူတာဝန်ခံမှုဆိုင်ရာ အိုင်စီအာရ်စီ၏ မူဘောင်နှင့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာအမူအကျင့်များနှင့်အတူ ကမ္ဘာ့ဘဏ်၏ လုပ်ငန်းဆိုင်ရာပတ်သက်ဆက်နွှယ်သူများနှင့်ထိတွေ့ဆက်ဆံခြင်းဆိုင်ရာ သဘာဝပတ်ဝန်းကျင်နှင့်လူမှုဝန်းကျင် စံသတ်မှတ်ချက်အမှတ် (၁၀) တို့ကိုအခြေခံကာ စီမံကိန်းအတွက် လုပ်ငန်းနှင့်ပတ်သက်ဆက်နွှယ်သူများနှင့်ထိတွေ့ဆက်ဆံခြင်းဆိုင်ရာ သီးခြားအစီအစဉ် (SEP)ကို ရေးဆွဲပြင်ဆင်ထားပြီးဖြစ်ပါသည်။ လက်နက်ကိုင်ပဋိပက္ခနှင့် အခြားသောအကြမ်းဖက်မှုအခြေအနေများကြောင့် ထိခိုက်ခံစားရသည့်ရပ်ရွာလူထုများသည် ကိုယ်တိုင်ကြုံတွေ့ရသော အခြေအနေကို အသိဆုံးသူများဖြစ်သည်ဆိုသည့်အချက်ကို အသိအမှတ်ပြု၍ အလေးထားလေးစားကာ အဓိပ္ပါယ်ပြည့်ဝသည့် ပါဝင်ဆောင်ရွက်မှုများ ရှိကြောင်းသေချာစေခြင်းဖြင့် ပဋိပက္ခနှင့် အကြမ်းဖက်မှုဒဏ် ခံစားရသူများ၏ ဂုဏ်သိက္ခာကို အကာအကွယ်ပေးရန်နှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာဥပဒေနှင့် ကမ္ဘာလုံးဆိုင်ရာ လူသားချင်းစာနာထောက်မှု မူများကို ပိုမိုသိရှိလာစေရန်နှင့် ခိုင်မာလာစေရန် ဟူသည့်အဖွဲ့အစည်း၏ သန္နိဋ္ဌာန်ဖြင့် အိုင်စီအာရ်စီ၏ ရပ်ရွာလူထုအကြံပြုစနစ်ကို ကျောထောက်နောက်ခံပြုထားပါသည်။

နစ်နာမှုများနှင့် အကျိုးခံစားရမှုဆိုင်ရာ အကြံပြုချက်များအား ကောက်ယူရာတွင် အိုင်စီအာရ်စီသည် မြေပြင်တွင်လုပ်ငန်းဆောင်ရွက်လျက်ရှိသော အိုင်စီအာရ်စီဝန်ထမ်းများ၊ ရပ်ရွာအတွင်းရှိ မတူညီကွဲပြားသည့် အဖွဲ့အမျိုးမျိုးက ရပ်ရွာလူထုခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ၊ ကြက်ခြေနီစေတနာလုပ်အားရှင်များ၊ အကြံပြုချက်ပုံစံဖောင်များ၊ သဘောထားအမြင်ဆိုင်ရာ လေ့လာမှုများ၊ အကြံပြုစာပုံးများမှတဆင့် သို့မဟုတ် အရေးပေါ်ဆက်သွယ်ရန်ဖုန်းများမှတဆင့် အပါအဝင် အမျိုးမျိုးသော လမ်းကြောင်းများနှင့် အထောက်အကူပြုပစ္စည်းများကို အသုံးပြုသွားမည်။ လက်ခံရရှိသည့် အကြံပြုချက်များနှင့် နစ်နာမှုတိုင်ကြားချက်များကို အဖွဲ့များက အချိန်မီနှင့် သင့်တော်သော နောက်ဆက်တွဲဆောင်ရွက်မှုများနှင့် အကြံပြုချက်ကွင်းဆက်အား ပိတ်သိမ်းခြင်း

တို့ကို ဆောင်ရွက်ပြီးကြောင်း သေချာစေရန် ထောက်ပံ့ကူညီမည့် အကြံပြုချက်များအား မှတ်သားရာနေရာ (feedback tracker)တွင် မှတ်တမ်းတင်ထားရှိပါမည်။

အိုင်စီအာရ်စီဝန်ထမ်းတစ်ဦးဦး၏ မမှန်ကန်သောအပြုအမူ၊ ဥပမာ- လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်မှုနှင့် မဖွယ်မရာပြုကျင့်မှု/ လိင်ပိုင်းဆိုင်ရာထိပါးနှောင့်ယှက်မှုကဲ့သို့ လုပ်ငန်းကျင့်ဝတ်ချိုးဖောက်မှုများ ပါရှိနိုင်သော စွပ်စွဲတိုင်ကြားချက် လက်ခံရရှိပါက ၎င်းတိုင်ကြားချက်ကို လုပ်ငန်းလည်ပတ်မှုဆိုင်ရာ လမ်းညွှန်ချက်များတွင်ပါရှိသည့် စည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ နှစ်ဦးနှစ်ဖက် အတွင်းရေးပြောကြားမှုနှင့် မိမိသဘောဆန္ဒအရဆောင်ရွက်မှု စည်းမျဉ်းများအပါအဝင် အိုင်စီအာရ်စီ ရုံးချုပ်ရှိ အိုင်စီအာရ်စီ၏ ကျင့်ဝတ်သိက္ခာ၊ ဘေးဖြစ်နိုင်ခြေနှင့် လေးစားလိုက်နာမှု ဆိုင်ရာရုံး (Ethics, Risk and Compliance Office - ERCO)က ဖြေရှင်းဆောင်ရွက်ပါသည်။ အဆိုပါ စွပ်စွဲတိုင်ကြားချက်ကို မြန်မာနိုင်ငံရှိ hotlinesဖုန်းများ၊ (သို့) အခြားသောလမ်းကြောင်း၊ မြန်မာနိုင်ငံတွင်ရှိသော စီမံကိန်းနှင့်ပတ်သက်ဆက်နွယ်သူ (stakeholder) တစ်ဦးဦး စသည်တို့မှတဆင့် လက်ခံရရှိနိုင်ပြီး ၎င်းကိစ္စရပ်အား ကိုယ်စားလှယ်ရုံး အဆင့်ထက်ကျော်လွန်၍ ERCOရုံးမှ စုံစမ်းစမ်းဆေးမှုများ ဆက်လက်ဆောင်ရွက်မည်ဖြစ်သည်။